# ဦးခွန်ထွန်း ဦးလွှတ်ရန် နိုင်ငံတကာရောက် ရှမ်းအမျိုးသား များ တောင်းဆို

စက်တင်ဘာလ ၁၁ရက်၊ ၂၀၀၆ခုနှစ်။

ကချင်ပြည်နယ် ပူတာအိုအကျဉ်း ထောင်အတွင်း ၌ ထောင်ဒဏ်၉၃နှစ် ကျခံနေရသည့် ဦးခွန်ထွန်း ဦး၏ ယနေ့ ကျရောက်သော ၆၃နှစ်မြောက်မွေး နေ့တွင် ဦးခွန်ထွန်း ဦးနှင့် ရှမ်းအမျိုးသား ခေါင်းဆောင်များ အား လွှတ်ပေးရန် နိုင်ငံတကာရောက် ရှမ်းအမျိုးသား များက ကြေညာချက်ထုတ်ပြန်တေ ာင်းဆိုလိုက်သည်။

ယင်းကြေညာချက်တွင် ရှမ်းပြည်နယ်ခေါင်း ဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားအား လုံးကို ချက်ချင်း လွှတ်ပေးရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်မှန်သော တိုင်းရင်းသားလူမျိုး များ၏ ကိုယ်စားလှယ်များ ပါဝင် သော သုံးပွင့်ဆိုင်ဆွေး နွေးပွဲကို စတင်ရန်အတွက် နအဖ စစ်အစိုးရအား ဖိအားပေးရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှ မြန်မာနိုင်ငံအရေးကို အလေးထားဆောင်ရွက်ပေးရန်တို့တောင်း ဆိုထားသည်။

အမေရိကန်ပြည်ထောင်စု၊ ထိုင်းနှင့် ဂျပန်နိုင်ငံမှ ယင်းတောင်းဆိုချက်မျ ားအပေါ် ထောက်ခံသူများ ၏ လက်မှတ်များ ကို ကောက်ယူစုဆောင်း ကာ အာစီယံအဖွဲ့ဝင် နိုင်ငံများသို့ ပေးပို့သွားမည်ဖြစ်ေ ကြာင်း ထိုင်းနိုင်ငံလှူ ပ်ရှားမှု ကော်မီတီဝင် ယိင်းလောင်က ပြောသည်။

ထို့ပြင် နိုင်ငံတကာအသိုင်း အဝိုင်းကို ယိင်းလောင်းက ယခုလို ဆက်လက် တိုက်တွန်း ထားသည်။

**“အဓိကအားဖြစ်တော့ ကျမတို့ လုပ်နေတာတွေကတော့ နအဖနဲ့ သွားပြီးတော့မှ ရင်းနှီးမြုပ်နှံမှု တွေ မလုပ်ဖို့၊ ဒါက ပထမ အချက်ပေ့ါ နော်။ နောက်တစ်ခုကလည်း လူသားခြင်း စာနာထောက်ထား တဲ့ အထောက်အထားတွေ နဲ့ ပတ်သက်ပြီးတော့မှ နအဖကနေ တဆင့် မပံ့ပိုးဖို့ ၊ နောက်တချိန်ထဲမှာပဲ နိုင်ငံရေးပြောင်းလဲမှု ဖြစ်အောင် စကားပြော ပေးဖို့ပေ့ါနော် အဲဒါတွေပါပဲ။ ”**

နိုင်ငံတကာရောက် ရှမ်းအမျိုးသား များ၏ကြေညာချက်တွ င် စစ်အစိုးရသည် ၄င်းတို့အားဆန့် ကျင်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား အတိုက်အခံအဖွဲ့ အစည်းများ အား သုတ်သင်ရှင်းလင်းရန် ကြိုးစား နေကြောင်း ဖေါ်ပြထားသည်။

ရှမ်းအမျိုးသား ခေါင်းဆောင်များ လွှတ်မြောက်ရေးအတွက် နိုင်ငံတကာနှင့် ပြည်သူလူထုအား ဆက်လက် စည်းရုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ လှုပ်ရှားမှုကော်မီတီဝင် ယိင်းလောင်က ပြောသည်။

လွန်ခဲ့သော တနှစ်ကျော်မှစ၍ နိုင်ငံရေး ပြုပြင်ပြောင်း လဲမှုများ ဖြစ်ပေါ်လာနိုင်ရေး အတွက် ငြိမ်းချမ်းစွာ ဆောင်ရွက်ခဲ့ သော ဦးခွန်ထွန်း ဦးအပါအဝင် ရှမ်းပြည်နယ်နိုင်ငံရေးခေါင်းဆောင်များ ကို စစ်အစိုးရက ဖမ်းဆီးခဲ့ကာ နိုင်ငံတော် ပုန်ကန်မှု ဖြစ်သော တရားမဝင်စုရုံးမှုဖြင့် ၂၀၀၅ခုနှစ် နိုဝင်ဘာလတွင် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

ရှမ်းအမျိုးသား များဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်း ရေးမှူး ဦးစိုင်းနွတ်ခေါ် ဦးစိုင်းညွှန့် အား ထောင်၈၅နှစ်၊ အပစ်အခတ်ရပ်စဲထားသော ရှမ်းပြည်တပ်မတော်မှ ဗိုလ်ချုပ်ဆေထင်အား ထောင်၁၀၆ နှစ်နှင့် အခြားရှမ်းပြည်နယ် မှ နိုင်ငံရေးခေါင်းဆောင်များ အား ၇၅နှစ် စီ အသီးသီး ချမှတ်ခံခဲ့ရသည်။

Network Media Group
Phone: +66 (0)1 322 7194 or +66 (0)1 992 9804
E-mail: netmedia@cscoms. com or netmedia@nmg- news.com
www.nmg-news. com